ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )**

**[ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၁.၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၂၅-၁-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဌင်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဌင်းအတိုင်း။ ဒေါ်ကျိန်ဝိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဌင်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဌင်းအတိုင်း။ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဌင်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဌင်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ဌင်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဌင်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဌင်းအတိုင်း။ ဗိုလ်မှူးချုပ်တင့်လွင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဌင်းအတိုင်း။ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဌင်းအတိုင်း။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဌင်းအတိုင်း။ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကလေးသူငယ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဌင်းအတိုင်း။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဌင်းအတိုင်း။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)၊ ဌင်းအတိုင်းနှင့် ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၀)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၁)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၄၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၏ မဟာဗျူဟာလမ်း တစ်လမ်းဖြစ်သည့် ရမ်းဗြဲ-ကျောက်နီမော်လမ်း (၂၅)မိုင် (၅)ဖာလုံ လမ်းပိုင်းကို ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၏ မဟာဗျူဟာလမ်း တစ်လမ်းဖြစ်သည့် ရမ်းဗြဲ-ကျောက်နီမော်လမ်း(၂၅) မိုင် (၅)ဖာလုံ လမ်းပိုင်းကို ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ကွန်ကရစ် လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ရမ်းဗြဲမြို့ နယ်ဟာ ကျောက်ဖြူခရိုင်မှာရှိပြီးတော့ တောတောင်ထူထပ်ပြီးတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ မြို့ပေါ်ရပ်ကွက်(၆)ရပ်ကွက်ရှိပြီးတော့ ကျေးရွာအုပ်စု(၅၁)အုပ်စုနဲ့ လူဦးရေ (၁)သိန်းနီးပါးနေတဲ့ ကျွန်မတို့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ကျွန်မတို့မြို့နယ်မှာရှိတဲ့ အကုန်လုံး လမ်း စုစုပေါင်းဟာ ပင်မလမ်းစုစုပေါင်း(၇)လမ်းရှိပါတယ်။ (၇)လမ်းရှိတဲ့အထဲကမှ ရမ်းဗြဲ-ကျောက်နီမော် လမ်းဟာဆိုလို့ရှိရင် (၂၅)မိုင် (၅)ဖာလုံရှိပြီးတော့ ရမ်းဗြဲမြို့နယ်ရဲ့ အရှည်ဆုံးလမ်းတစ်လမ်း ဖြစ်ပါတယ်။

နောက်တစ်ခုကနေပြီးတော့ ဒီ ရမ်းဗြဲ-ကျောက်နီမော်လမ်းအပိုင်းဟာဆိုလို့ရှိရင် ၂၀၁၂ -၂၀၁၃ ဘဏ္ဍာနှစ်မှာ စည်ပင်သာယာရေးကော်မတီလက်အောက်မှာ လမ်းကြမ်းအဆင့်ရှိခဲ့တယ်လို့ လေ့လာသိရှိ ရပါတယ်။ လမ်းအစအဆုံး ကျောက်ချောလမ်းခင်းပြီးဖြစ်ပေမယ့် ရမ်းဗြဲမြို့နယ်မှာနေပြီးတော့ ဇန်နဝါရီလ မှ မတ်လအထိ နှစ်စဉ် မိုးရွာသွန်းတဲ့ရက်များတဲ့အတွက်ကြောင့်မို့လို့ လမ်းဟာဆိုလို့ရှိရင် နှစ်စဉ်ပျက်စီး လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လက်ရှိမှာလည်း မြေသားလမ်းသာသာဖြစ်နေကြောင်း ကျွန်မ မိုးရာသီတုန်းက တစ်ခေါက်ရောက်ပါတယ်။ အခု လွှတ်တော်နားတဲ့အချိန် တစ်ခေါက်ရောက်ပါတယ်။ ဒီရမ်းဗြဲ-ကျောက်နီမော်လမ်းဟာဆိုလို့ရှိရင် ပြည်နယ်ရန်ပုံငွေ ငွေလုံးငွေရင်းနှင့် ပြင်ထိန်းရန်ပုံငွေ နှစ်ရပ်တို့ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စုစုပေါင်း(၂၀၅၉.၀၄၈)သန်းနဲ့ နှစ်စဉ်ပြုပြင် ကြောင်း ဖော်ပြထားပါတယ်။ ဒါပေမဲ့ ကျွန်မတို့ လေ့လာကြည့်တဲ့အခါမှာ ပြင်ထိန်းလုပ်တယ်ဆိုတဲ့အရာမှာ ပြင်ထိန်းတကယ်မှ လုပ်ရဲ့လားလို့ ကျွန်မတို့ သံသယဝင်စရာပါ။ ဘာဖြစ်လို့လဲဆိုရင် လမ်းတွေကို ညှိပစ်လိုက်တယ်။ ပြီးလို့ရှိရင် လမ်းက နဂိုက မြင့်တဲ့လမ်းက ညှိရင်း ညှိရင်းနဲ့ မြေသား လမ်းအဆင့် ရောက်သွားတဲ့အတွက်ကြောင့်မို့လို့ အခုလို ပြည်ထောင်စုဘတ်ဂျက်က တောင်းဆိုရခြင်း ဖြစ်ပါတယ်။ ဒီလမ်းကို ကျွန်မတို့ ရမ်းဗြဲမြို့ရဲ့ သုံးပုံတစ်ပုံခန့်ရှိတဲ့ လူဦးရေတွေက နေ့စဉ် သွားလာနေကြ ပါတယ်။ အုပ်စု(၂၀)ကျော်ရှိပြီးတော့ ဒီ(၂၅)မိုင်ခရီးကို မိုးရာသီမှာဆိုလို့ရှိရင် (၂)နာရီခွဲကျော်လောက်ထိ ကျွန်မတို့

ကားနဲ့ သွားရပါတယ်။ ဒါတောင် ကျွန်မတို့ကနေပြီးတော့ အဆင်ပြေပြေရှိတဲ့ ကားနဲ့သွားတာပါ။ ဒီရွာမှာ ရှိတဲ့ကားတွေနဲ့ဆိုရင်တော့ ဒါ (၂)နာရီခွဲမက သွားရတဲ့ လမ်းတစ်လမ်း ဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်မရဲ့မေးခွန်းမှာပါတဲ့အတိုင်း ဒီ ရမ်းဗြဲ-ကျောက်နီမော်လမ်းကို ဘာကြောင့် ကျွန်မက မဟာဗျူဟာလမ်းလို့ပြောရလဲဆိုလို့ရှိရင် ဒီ ကျောက်နီမော်ဟာ ကျောက်နီမော် အခြေအနေနဲ့ ဆိုရင် ၂၀၁၂ လောက်ကတည်းက ကျွန်မတို့ မြန်မာတစ်နိုင်ငံလုံးသိကြတဲ့ ဒီ ပြဿနာဖြစ်ဖူးတဲ့နေရာပါ။ အုပ်ချုပ်ရေးအရလည်း ခက်ခဲတဲ့နေရာပါ။ အဲဒီကမှတစ်ဆင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေမယ် ဆိုလို့ရှိရင် ကျွန်မရဲ့ မဲဆန္ဒနယ်အတွက် ကျွန်မ အင်မတန်မှကို စိုးရိမ်လို့ ဒီမေးခွန်းကို ပြည်နယ်က လုပ်ပိုင်ခွင့်ရှိတဲ့လမ်း ပြည်နယ်ဘတ်ဂျက်နဲ့သာ လုပ်ပိုင်ခွင့်ရှိတဲ့လမ်းမှန်းသိပေမယ့် ဒါ ပြည်ထောင်စု အစိုးရက ဂရုစိုက်ဖို့လိုအပ်တဲ့လမ်း ဖြစ်တာမို့ ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုကနေပြီးတော့ ဒီ ရမ်းဗြဲမြို့ကို (၅)မိုင်အကွာမှာရှိတဲ့ ကျောက်နီမော်-ရမ်းဗြဲလမ်း (၅)မိုင်အကွာမှာရှိတဲ့ ကျောင်းသားများကနေပြီးတော့ ကျောင်းလာတက်ရပါတယ်။ သူတို့ကျောင်းတက်ဖို့ ဆိုလို့ရှိရင် ဒီမြေသားလမ်းသာသာရှိတဲ့လမ်းကို စက်ဘီးစီးရတာ သူတို့အနေနဲ့ အင်မတန်မှ ပင်ပန်း ခက်ခဲပါတယ်။ နောက်တစ်ခုကနေပြီးတော့ ဒီ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နဲ့လည်း ကျွန်မအနေနဲ့ တိုင်ပင်ပြီးဖြစ်ပါတယ်။ ဒီပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ရဲ့ မှတ်ချက်ရော၊ အုပ်ချုပ်ရေးမှူးရဲ့ မှတ်ချက်ရော ကျွန်မတို့ ဒါ ပြည်ထောင်စုဘတ်ဂျက်နဲ့မှသာ ဖြစ်မယ့်လမ်းဆိုပြီးတော့ ကျွန်မ သူတို့နဲ့ တွေ့ဆုံအကြံပြုတဲ့အထဲမှာ သူတို့ရဲ့ မှတ်ချက်တွေ ပါ ပါတယ်။

ဒါကြောင့်မို့လို့ ဒီ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်နေဒေသ ပြည်သူများ လူမှုဘဝမြှင့်တင်ရေး၊ နိုင်ငံတော်ဘဏ္ဍာငွေကို အကျိုးရှိရှိ အသုံးပြုရေး၊ ဆောက်လုပ်ရေး လုပ်ငန်းများ ပျက်စီးနေမှုကို အချိန်မီ ထိန်းသိမ်းနိုင်ရေးအတွက် ရမ်းဗြဲမြို့နယ်ရဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ မဟာဗျူဟာကျတဲ့ ရမ်းဗြဲ-ကျောက်နီမော်လမ်း(၂၅)မိုင် (၅)ဖာလုံလမ်းပိုင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စု ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရန်ကုန် - စစ်တွေ အဝေးပြေးကားလမ်းမပေါ်တွင် တည်ရှိသည့် မြောက်ဦးမြို့နယ်၊ မြောင်းဘွေ ချောင်းကူး သစ်သား တံတားကို နှစ်လမ်းသွား သံကူကွန်ကရစ် တံတားသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်းမပေါ်တွင် တည်ရှိသည့် မြောက်ဦးမြို့နယ်၊ မြောင်းဘွေ ချောင်းကူး သစ်သားတံတားကို နှစ်လမ်းသွား သံကူကွန်ကရစ်တံတားသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးထားတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ အကျိုးအကြောင်းကို ရှင်းလင်းတင်ပြပေးပါမယ်။

ပြည်ထောင်စုလမ်းမကြီးတစ်ခုမှာပါဝင်နေတဲ့ ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်းမပေါ်မှာ တည်ရှိနေတဲ့ မြောက်ဦးမြို့နယ်၊ မြောင်းဘွေချောင်းကူးသစ်သား ဘေလီတံတားမှာ ကျွန်တော်တို့ ၁၉၉၆ ခုနှစ်က စတင်ပြီးတော့ တည်ဆောက်ခဲ့တဲ့ တံတားဖြစ်ပါတယ်။ ဒီတံတားဟာဆိုလို့ရှိရင် (၂၁)နှစ်ထိကြာမြင့်နေပြီ ဖြစ်ပါတယ်။ တံတားရဲ့အခင်းဖြစ်တဲ့ သစ်သားတွေ ဟောင်းနွမ်းဆွေးမြေ့လာပြီး၊ နောက် ရိုက်ထားတဲ့သံတွေလည်း လွဲနေပြီ အဲဒါကြောင့် ကားတွေသွားလာတဲ့အခါမှာ အသံမျိုးစုံထွက်ပြီးတော့ ခရီးသွားပြည်သူတွေအတွက် စိတ်အနှောင့်အယှက်လည်း ဖြစ်စေပါတယ်။

ဒီမြောင်းဘွေချောင်းကူးတံတားရဲ့ အရှည်မှာ ပေ(၇၄၀)ရှိပါတယ်။ အကျယ်မှာတော့ (၁၂)ပေပဲရှိပါတယ်။ အလွန်ကျဉ်းတဲ့ တံတားတစ်ခုလို့ ပြောလို့ရပါတယ်။ ကားကြီးတစ်စီး သွားနေလို့ရှိရင် တံတားကြီးဘေးမှာ လူကရှိနေရင် အဲဒီလူကရပ်နေစရာ မရှိတော့လောက်အောင် တံတားကျဉ်းနေပါတယ်။ ဤတံတားမှ တစ်နေ့ကို ခရီးသည်တင်တဲ့ ကားကြီး၊ နောက် ရှစ်ဘီးတပ်၊ ဆယ်ဘီးတပ် ဝန်တင်တဲ့ ယာဉ်တွေ၊ ပြီးတော့ ကားငယ်တွေ ကားမျိုးစုံသွားလာနေတယ်။ ဒီ ရန်ကုန်-စစ်တွေ၊ မန္တလေး-စစ်တွေ စသည်ဖြင့် ဖြတ်သန်းသွားလာနေကြရတဲ့ လမ်းတစ်လမ်း၊ တံတားတစ်ခုဖြစ်တယ် ဆိုတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ဒီလိုဖြတ်သန်းသွားလာမှုများနေတဲ့အတွက် အခုအခါမှာ ခေတ်မီခိုင်ခံ့တဲ့ နှစ်လမ်းသွား သံကူကွန်ကရစ် တံတားတစ်စင်း တည်ဆောက်ပေးဖို့လိုအပ်နေတယ်လို့ ကျွန်တော်တို့အားလုံး ပြည်သူတွေကလည်း လိုလားနေကြပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပြည်ထောင်စုလမ်းမဖြစ်တဲ့ ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်းပေါ်မှာရှိတဲ့ မြောက်ဦးမြို့နယ်၊ မြောင်းဘွေချောင်းကူးတံတားအား နှစ်လမ်းသွား သံကူကွန်ကရစ် တံတားသစ်တစ်ခုအဖြစ် တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ခရီးသွားပြည်သူများကိုယ်စား လေးစားစွာနှင့် မေးမြန်းအပ်ပါတယ်။ (ဩဘာသံများ)

**ရန်ကုန် - နေပြည်တော် - မန္တလေး အမြန်လမ်းမကြီးကို အထူးဦးစားပေးအနေဖြင့် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ် မကုန်မီ အပြီးသတ် ကတ္တရာထပ်ပိုးလွှာခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်က ရန်ကုန် - နေပြည်တော် - မန္တလေး အမြန်လမ်းမကြီးကို အထူးဦးစားပေးအနေဖြင့် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ် မကုန်မီ အပြီးသတ် ကတ္တရာထပ်ပိုးလွှာခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ကျွန်တော် ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းချင်တာကတော့ မြန်မာနိုင်ငံ၏ ပင်မကျောရိုးသဖွယ်ဖြစ်သော ရန်ကုန် - နေပြည်တော် - မန္တလေး အမြန်လမ်းမကြီးကို အထူးဦးစားပေးအနေဖြင့် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာရေးနှစ်မကုန်မီ အပြီးသတ် နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရန်ကုန် - နေပြည်တော် - မန္တလေး အမြန်လမ်းမကြီးကို ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၀၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် စတင်အသုံးပြုခဲ့တယ်လို့ သိရပါတယ်။ ရန်ကုန်မြို့မှ မန္တလေးမြို့အထိ စုစုပေါင်းမိုင်က (၃၆၅)မိုင်နှင့် (၅)ဖာလုံ၊ ကီလိုမီတာအားဖြင့် (၅၈၁.၅) ကီလိုမီတာ ကွာဝေးပါတယ်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလကုန်အထိ တစ်ဆက်တစ်စပ်တည်း ကတ္တရာထပ်ပိုးလွှာ ခင်းပြီးသော လမ်းဟာဆိုလို့ရှိရင် စုစုပေါင်း မိုင်(၂၀)ခန့်သာ ရှိပါတယ်ဟု သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ယခုကျွန်တော်တို့ NLD အစိုးရသစ်တက်ခါစ ရက်(၁၀၀)စီမံကိန်းတွင်လည်း အထူးအစီအစဉ်အနေဖြင့် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးကို ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းလယ်ကျွန်းများ၊ ရေသွယ်မြောင်းများ ဖောက်လုပ်ခြင်းများ လုပ်ဆောင်ခဲ့ပါတယ်။ သို့သော်လည်း ယခုအခါတွင် တစ်နေရာ၊ နှစ်နေရာလောက်သာ အနည်းအကျဉ်း လုပ်ဆောင်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတွင် တစ်ရက်အတွင်း ဖြတ်သန်းသွားလာသော ယာဉ်အစီးရေဟာ (၂၄၀၀၀)ခန့် ပုံမှန်ရှိသည်ဟု သိရပါတယ်။

၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ် အောက်တိုဘာလကုန်အထိ ယာဉ်မတော်တဆဖြစ်ပွားမှု စုစုပေါင်း(၁၆၉၂)ကြိမ် ဖြစ်ပွားပြီးတော့မှ သေဆုံးသူ(၃၉၃)ဦး၊ ဒဏ်ရာရရှိသူ(၃၀၇၉)ဦးရှိကြောင်း သိရှိရပါတယ်။ ယခု ကျွန်တော် Power Point ထဲမှာ ပြထားတဲ့ဟာက အမျိုးသားလွှတ်တော်၊ သုတေသနဌာနမှရရှိထားသော Data အချက်အလက်များ ဖြစ်ပါတယ်။ ဒီလမ်းဟာ ကွန်ကရစ်လမ်းဖြစ်တဲ့အတွက် ကြောင့်မို့လို့ ကတ္တရာလမ်းထက် ကားဘီးတိုက်စားမှု အလွန်ပိုများပါတယ်။ ဒါကြောင့် ကားဘီးတွေ မကြာခဏဆိုသလို ပေါက်ပြီးမှ နေ့တိုင်းလိုလို ကားတိမ်းမှောက်မှုတွေ ရှိနေတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ခရီးသွားပြည်သူများအတွက်လည်း အင်မတန်မှ အန္တရာယ်များပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးသည် မိုင်အားဖြင့် အလွန်ရှည်လျားပြီးတော့မှ အင်မတန်မှ အရေးပါတဲ့လမ်း ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဘတ်ဂျက်တစ်ခုတည်းနဲ့တော့ နိုင်မှာမဟုတ်ပါဘူး။ သီးသန့် အထူးဦးစားပေးအစီအစဉ်ဖြင့်

လုပ်ပေးမှသာ အဆင်ပြေမှာ ဖြစ်ပါတယ်။ ဥပမာ နိုင်ငံတကာချေးငွေ သို့မဟုတ် နိုင်ငံတော်သမ္မတ အထူးရန်ပုံငွေ စသည်ဖြင့် လုပ်ဆောင်သင့်ပါကြောင်း တစ်ပါတည်း တင်ပြလိုပါတယ်။ အထက်မှာ ကျွန်တော် တင်ပြခဲ့သလို တစ်ရက်မှာ ယာဉ်အစီးရေ(၂၄၀၀၀)ခန့် ပုံမှန်ဖြတ်သွားမယ်ဆိုလို့ရှိရင် ပျှမ်းမျှခရီးသည် တစ်ရက် တစ်ရက်ကို တစ်သိန်းခန့် နေ့စဉ် ဖြတ်သန်းနေတယ်လို့ ကျွန်တော်တို့ ခန့်မှန်းလို့ ရပါတယ်။

ဤမေးခွန်းကို မေးမြန်းရခြင်းသည် မြန်မာနိုင်ငံရဲ့ အဓိကမြို့ကြီး(၃)မြို့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုမြို့တော်များဖြစ်သော နေပြည်တော်-ရန်ကုန်-မန္တလေးမြို့များသို့ ဆက်သွယ်နေသော လမ်းဖြစ်တဲ့အပြင် မြန်မာနိုင်ငံအနှံ့အပြားတွင် နေ့စဉ်နှင့်အမျှ ခရီးသွားလာနေသော ပြည်သူများ ဘေးကင်းလုံခြုံပြီး စိတ်ချမ်းသာစွာ သွားလာနိုင်ရေးအတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတွင် နေ့စဉ် လူဦးရေ တစ်သိန်းခန့် ပုံမှန်သွားလာနေကြသော နိုင်ငံသူ၊ နိုင်ငံသားများ ဘေးကင်းလုံခြုံစွာဖြင့် မိမိလိုရာခရီးသို့ အဆင်ပြေချောမောစွာ ရောက်ရှိနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနှင့် နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းများနှင့် ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကတစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ထုမေ မှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၏ မဟာဗျူဟာလမ်း တစ်လမ်းဖြစ်သည့် ရမ်းဗြဲ-ကျောက်နီမော်လမ်း (၂၅)မိုင်(၅)ဖာလုံလမ်းပိုင်းကို ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်ရှိ ရမ်းဗြဲ- ကျောက်နီမော် လမ်း (၂၅)မိုင် (၅)ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး ၃၁-၃-၂၀၁၇ နေ့ရှိ လမ်းအမျိုးအစားမှာ ကျောက်ချောလမ်း ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေ စုစုပေါင်း ကျပ်(၉၆၇.၇၇၉)သန်းဖြင့် ရမ်းဗြဲမြို့

အထွက်ပိုင်း၌ (၁၈)ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း (၄)ဖာလုံ၊ ပြုန်းကျောက်စရစ်ခင်းခြင်း (၁၁)မိုင် (၂)ဖာလုံ၊ သစ်ပုတ်ချောင်းတံတား (၁၈၀)ပေ သံကူကွန်ကရစ်တံတားအသစ် (၁)စင်း တည်ဆောက်ခြင်း၊ တံတားချဉ်းကပ်လမ်း မြေကြီးတာဘောင် တည်ဆောက်ခြင်း၊ တံတားပေါ် ကတ္တရာ လမ်းခင်းခြင်းနှင့် သစ်သားတံတား (၂)စင်း ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရမ်းဗြဲ-ကျောက်နီမော်လမ်းသည် ပြည်နယ်အစိုးရ အဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်၍ ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်းများ လျာထားခြင်း မရှိပါဘူး ခင်ဗျား။ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေတွင် ကျပ်(၅၆၃.၄)သန်းဖြင့် ရမ်းဗြဲမြို့အထွက်ပိုင်း၌ (၁၈)ပေအကျယ် ကွန်ကရစ်လမ်း ခင်းခြင်း (၁)မိုင်၊ (၁၄)ပေအကျယ် ကျောက်လမ်းခင်းခြင်း (၂)မိုင်နှင့် (၁၀)ပေ အရှည် ကျောက်စီကမ်း ကပ်ခုံနှင့် သံကူကွန်ကရစ်တံတား(၂)စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါတယ်။

ထို့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၌ ပြည်နယ်ရန်ပုံငွေ စုစုပေါင်းကျပ် (၆၆၀)သန်းဖြင့် (၁၂)ပေအကျယ် ကတ္တရာလမ်းခင်းခြင်း(၃)မိုင်၊ မြေပုံတံတား(၃၀)ပေနှင့် ခမောင်းချောင်းတံတား(၄၀)ပေ၊ စုစုပေါင်းသစ်သားတံတား (၂)စင်းအား သံကူကွန်ကရစ်တံတား (၁)စင်း အသစ်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် လျာထားတင်ပြတောင်းခံသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ အရေးပါတဲ့ အဓိကလမ်းမကြီး တွေ လမ်းကွန်ရက်ကြီးတွေကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါ သောကြောင့် ရမ်းဗြဲ-ကျောက်နီမော်လမ်းကိုတော့ ပြည်ထောင်စုဘတ်ဂျက်ဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် သို့သော်လည်းပဲ ရမ်းဗြဲ-ကျောက်နီမော်လမ်းကို ပြည်နယ်ရန်ပုံငွေ တင်ပြတောင်းခံပြီးတော့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးမှာ ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ရခိုင် ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် မှ မေးမြန်း ထားတဲ့ ရန်ကုန် - စစ်တွေ အဝေးပြေးကားလမ်းမကြီးပေါ်တွင် တည်ရှိသည့် ရခိုင်ပြည်နယ် မြောက်ဦး မြို့နယ်၊ မြောင်းဘွေချောင်းကူးသစ်သားတံတားမှာ နှစ်(၂၀)ကျော် ကြာမြင့်ပြီး ဟောင်းနွမ်းဆွေးမြေ့ လာသောကြောင့် နှစ်လမ်းသွား သံကူကွန်ကရစ် တံတားသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့ရှိ မြောင်းဘွေတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ပြည်ထောင်စုလမ်းမကြီးဖြစ်သော ရန်ကုန်- စစ်တွေ လမ်းပေါ်ရှိ မိုင်တိုင်(၉၉/၄)မှ (၉၉/၆)ကြားတွင် တည်ရှိပါတယ်။ မြောင်းဘွေတံတားကို ၁၉၉၆ ခုနှစ်တွင် တည်ဆောက်ခဲ့ပါတယ်။ တံတား၏ အောက်ထည် (Sub Structure)မှာ သံကူကွန်ကရစ် ဖြစ်ပြီးတော့ အပေါ်ထည် (Super Structure)ကိုတော့ Double Single Bailey (၆၀ပေx၄ခန်း) နှင့် Triple Single Bailey (၁၀၀ပေx၅ခန်း) ဖြင့် တည်ဆောက်ခဲ့ပါတယ်။ တံတား၏ စုစုပေါင်းအရှည်မှာ

(၇၄၀)ပေ ရှိပြီး ယာဉ်သွားလမ်း အကျယ်(၁၀)ပေ၊ တစ်လမ်းသွား Bailey တံတား ဖြစ်ပါတယ်။ လက်ရှိတံတားခံနိုင်ဝန်က (၂၀)တန် ဖြစ်ပြီး တစ်နေ့တာ သွားလာသည့် ယာဉ်စီးရေမှာ (၂၈၀)စီးခန့် ရှိပါတယ်။ တစ်လမ်းသွားတံတား ဖြစ်တဲ့အတွက် တစ်ဖက်နှင့်တစ်ဖက် ယာဉ်များစောင့်ဆိုင်းသွားလာ နေရခြင်း Bailey တံတားဖြစ်၍ တန်ချိန်ကန့်သတ်မှုများ ရှိခြင်းတို့ကြောင့် ယနေ့အချိန်အခါမှာ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှုမှာ အကန့်အသတ် ရှိနေတာ ဖြစ်ပါတယ်။ ရန်ကုန်-စစ်တွေလမ်း၊ အမ်း-စစ်တွေအပိုင်းမှာ အုန်းတည်တံတား၊ ယောချောင်းတံတား၊ မြောင်းဘွေတံတား၊ တိမ်ညိုတံတား၊ ယိုးချောင်းတံတားနှင့် ဒလက်ချောင်းတံတား စုစုပေါင်း Bailey တံတား (၆)စင်း ရှိတဲ့အနက်မှ ဒလက်ချောင်းတံတားနှင့် တိမ်ညိုတံတားတို့ကို သံကူကွန်ကရစ်တံတားအဖြစ် စတင်တည်ဆောက်နေပြီ ဖြစ်ပါတယ်။ ကျန်ရှိတဲ့ Bailey တံတား(၄)စင်းဖြစ်တဲ့ အုန်းတည်တံတား၊ ယောချောင်းတံတား၊ မြောင်းဘွေတံတားနှင့် ယိုးချောင်းတံတား (၄)စင်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မတိုင်မီမှာ သံကူကွန်ကရစ် တံတားများအဖြစ် အဆင့်မြှင့်တင် တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ရခိုင်ပြည်နယ်၏ မြို့တော် စစ်တွေမြို့တို့ကို ဆက်သွယ်ရာ အဓိကပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ မြောင်းဘွေတံတားကို ယာဉ်များ စောင့်ဆိုင်းစရာ မလိုဘဲ လွယ်ကူစွာ သွားလာနိုင်ရန်အတွက် သံကူကွန်ကရစ်တံတားအဖြစ် ယာဉ်သွားလမ်းအကျယ် (၂၄)ပေဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြောင်းဘွေ Bailey တံတားကို (၂)လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ Plan မှာ ပါဝင်ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပြီး စတင်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလားလ်မင်းထန် မှ မေးမြန်းထားတဲ့ မြန်မာနိုင်ငံ၏ ပင်မကျောရိုးသဖွယ်ဖြစ်သော ရန်ကုန် - နေပြည်တော် - မန္တလေး အမြန်လမ်းမကြီးအား အထူးဦးစားပေးအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မကုန်မီ အပြီးသတ် ကတ္တရာထပ်ပိုးလွှာခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရန်ကုန် - မန္တလေး အမြန်လမ်းသည် လမ်းအရှည် (၃၆၆)မိုင် (၃)ဖာလုံ ရှိပြီး အသွားအပြန် (၇၃၂)မိုင် (၆)ဖာလုံ ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ (၂၅)ပေအကျယ် ကတ္တရာ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းပြီးစီးမှုမှာ (၁၄၉)မိုင် (၅)ဖာလုံ ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ (၂၅)ပေအကျယ် ကတ္တရာ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းအား (၁၃)မိုင် (၇)ဖာလုံ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အကုန်မှာတော့ ကတ္တရာကွန်ကရစ်ခင်းရန် (၅၆၉)မိုင် ကျန်ရှိမှာ ဖြစ်ပါတယ်။

ထို့အပြင် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင် (၀/၀)မှ (၁၉/၀)အထိ ရန်ကုန်-ဘောနက်ကြီးအပိုင်းတွင် လက်ရှိကွန်ကရစ်လမ်းကို ကတ္တရာ ကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း အတွင်း/

အပြင် လမ်းပခုံး စုစုပေါင်းအကျယ် (၂.၅)မီတာကို ကတ္တရာကွန်ကရစ်လမ်းခင်းခြင်း ဘောနက်ကြီးတွင် Interchange (၁)ခု ဆောက်လုပ်ခြင်းနှင့် လမ်းတစ်လျှောက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေ၊ အာဆီယံ အခြေခံအဆောက်အဦရန်ပုံငွေအဖွဲ့ (AIF) ချေးငွေတို့ဖြင့် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီမှ ခွင့်ပြုချက် ရရှိပြီးဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြထားပါတယ်။ Cabinet အတည်ပြုချက်ရရှိပါက ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး အဆင့်မြှင့်တင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေအပြင် သီးသန့်အထူး ဦးစားပေးအစီအစဉ်ဖြစ်သော နိုင်ငံတကာချေးငွေနှင့် အထူးရန်ပုံငွေများ ရရှိရန်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး Public Private Partnership (PPP) စနစ်ဖြင့်လည်း ဆောင်ရွက်ရန် လျာထားလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် သဘောတူ လက်ခံထားသဖြင့်လည်းကောင်း၊ ယင်းဥပဒေနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် သဘော တူ /မတူ လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။

**မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်) နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၉။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ အားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်၊ အသစ်ဖြည့်စွက်ချက်များနှင့်အတူ အဆိုပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။ ဥပဒေရဲ့ အခန်း(၃) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အခန်း ပုဒ်မ ၆ မှာဆိုရင် ကျွန်မအနေနဲ့ ဒေသခံပြည်သူများ၊ တိုင်းရင်းသားလူမျိုးစုများ၏ သဘောထားကို တောင်းခံရမည်ဆိုတဲ့ ပုဒ်မအသစ် တစ်ခုကို ဖြည့်စွက်လိုပါတယ်။

အဲဒီအတွက် ကျွန်မတို့ ပုဒ်မ ၆ မှာဆိုရင် ပုဒ်မခွဲ အမှတ်စဉ်တွေတော့ အပြောင်းအလဲ ဖြစ်သွားမှာ ဖြစ်ပါတယ်ရှင်။ အခန်း(၄) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့် ၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များအခန်းမှာ ပုဒ်မ ၁၁ - က မှာဆိုရင် ကျွန်မအနေနဲ့ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် ၁ မှာ ဒီဥပဒေကြမ်းရဲ့ ပြင်ဆင်ချက်နှစ်ပေါင်း (၂၀)ဆိုတဲ့နေရာမှာ နှစ်ပေါင်း (၃၀)ဆိုပြီးတော့ ပြင်ဆင်လို ပါတယ်။ အလားတူပဲ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ (ဂ)မှာလည်း နှစ် (၃၀)ဆိုပြီးတော့ ကျွန်မအနေနဲ့ ပြင်ဆင် လိုပါတယ်။

အခန်း(၇) ကြီးကြပ်ခြင်း အခန်းမှာဆိုလို့ရှိရင် ပုဒ်မ ၂၂ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် ၁ မှာ ကျွန်မ အနေနဲ့ ဥပဒေကြမ်းကော်မတီကတော့ (၃)လအတွင်း ဆိုပြီးတော့ ပြောထားပါတယ်။ ကျွန်မအနေနဲ့က (၆)လဆိုပြီးတော့ Power Point မှာ မင်အနီရောင်နဲ့ တင်ပြထားတဲ့အတိုင်း (၆)လအတွင်းဆိုပြီး ပြင်ဆင်လိုပါတယ်။ ကော်မတီဆိုတဲ့နေရာမှာလည်း ဗဟိုကော်မတီဆိုတာထက် သက်ဆိုင်ရာကော်မတီ ဆိုပြီးတော့ ပြင်ဆင်လိုပါတယ်။

အခန်း(၉)ပြစ်မှုနှင့် ပြစ်ဒဏ်များ အခန်းမှာဆိုလို့ရှိရင် ကျွန်မအနေနဲ့ ပုဒ်မ ၂၇ ရဲ့ ပုဒ်မခွဲ(က) မှာဆိုလို့ရှိရင် အသစ်ဖြည့်စွက်လိုတာ ရှိပါတယ်။ အစိုးရက သီးသန့်လျာထားသတ်မှတ်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအပေါ်တွင် ဆိုပြီးတော့ အသစ်ဖြည့်စွက်လိုပါတယ်။ ပုဒ်မ ၂၉-က မှာဆိုလို့ ရှိရင် ကျွန်မအနေနဲ့ ပြင်ဆင်လိုတာ ရှိပါတယ်။ မည်သူမဆို ဤဥပဒေအရ မူလလုပ်ပိုင်ခွင့် ရရှိထား သူသည် သတ်မှတ်ထားသော ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကို ဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်သည့်အတွက် လုပ်ပိုင်ခွင့် ရုပ်သိမ်းခြင်း၊ မြေပြန်လည်အပ်နှံစေခြင်း အမိန့်များကို လိုက်နာခြင်းမရှိလျှင် တရားစွဲဆိုခြင်း ခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး (၃)နှစ်မှ အများဆုံး (၅)နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်(၁၅)သိန်းထက် မနည်းသော ငွေဒဏ်ကိုလည်း ချမှတ်ရမည်လို့ ပြင်ဆင်လိုပါတယ်။

အခန်း(၁၀) အထွေထွေ အခန်းမှာဆိုလို့ရှိရင် ကျွန်မအနေနဲ့ ပုဒ်မအသစ်များကို ဖြည့်စွက် လိုပါတယ်။ ၃၀-ခ အနေနဲ့ Power Point မှာ တင်ပြထားတဲ့အတိုင်း ဖြည့်စွက်လိုပါတယ်။ ၃၀-ဂ မှာ လည်း Power Point တင်ပြထားတဲ့အတိုင်း အသစ်ဖြည့်စွက်လိုပါတယ်။ ၃၀-ဃ မှာလည်း တင်ပြထား တဲ့အတိုင်းပါပဲ ၃၀-င မှာလည်း Power Point မှာ တင်ပြထားတဲ့အတိုင်း ပြင်ဆင်လိုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသက်နိုင်စိုး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၃၃။**

**ဦးသက်နိုင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်စိုး ဖြစ်ပါတယ်။ ကျွန်တော် အသစ်ဖြည့်စွက်ချင်တဲ့ ပုဒ်မကတော့ အခန်း(၉) ပြစ်မှုနှင့် ပြစ်ဒဏ်အခန်းမှာ ဥပဒေကြမ်းကော်မတီက အတည်ပြုထားတဲ့ ၂၉-က ကို အသစ်ပြန်လည် ဖြည့်စွက်ချင်တာကတော့ ပုဒ်မခွဲငယ်(က)အဖြစ် မည်သူမဆို ဤဥပဒေအရ မူလလုပ်ပိုင်ခွင့် ရရှိထား သူသည် သတ်မှတ်ထားသော ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက် အားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကို ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ပါက လုပ်ပိုင်ခွင့် ရုပ်သိမ်းခြင်း၊ မြေပြန်လည်အပ်နှံစေခြင်းများကို မလိုက်နာမှုကြောင့် တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး (၃)နှစ်မှ အများဆုံး (၅)နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်(၁၀)သိန်းထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်ရမည်ဟု ပြင်ဆင် လိုပါတယ်။ ဒီလိုပြင်ဆင်ရတာ အဓိကကတော့ နဂိုမူလလုပ်ကိုင်လာတဲ့ မူလလက်ငုတ်များ မဟုတ်ဘဲနှင့် လက်ရှိဥပဒေထဲမှာ ခွင့်ပြုထားတဲ့လုပ်ငန်းများကို မလုပ်ကိုင်ဘဲ လုပ်ကိုင်ချင်သယောင်ဆောင်ပြီး လျှောက်ထားပြီးတော့ ရောင်းဝယ်ဖောက်ကားခြင်း၊ လက်ပြောင်းလက်လွှဲလုပ်ခြင်းများကို ထိထိရောက်ရောက် အရေးယူစေချင်သည့်အတွက် ဒီပုဒ်မကို ဖြည့်စွက်ရခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပုဒ်မခွဲငယ် (ခ)အဖြစ် ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြန်လည်ရုပ်သိမ်းထားသည့် မြေပေါ်မှ ထွက်ခွာဖယ်ရှားပေးရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၁)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ကျပ်(၃)သိန်းထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည် ဖြစ်ပါတယ်။

ဆက်လက်ပြီး အခန်း(၁၀)အထွေထွေ အခန်းမှာပါရှိတဲ့ ဥပဒေကြမ်းက အတည်ပြုထားတဲ့ အဆိုပြုထားတဲ့ ၃၀-က အပြင် ထပ်မံဖြည့်စွက်ချင်တာကတော့ ခုန ကိုယ်စားလှယ် တင်ပြသွားတဲ့ ၃၀-ခ၊ ၃၀-ဂ အပြင် ၃၀-ဃ အဖြစ် နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ၊ သယံဇာတနှင့် ဇီဝမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရမည့် ကျွန်းနှင့် ကျွန်းစုများ အပါအဝင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း ဧရိယာများကို သီးခြားစီမံခန့်ခွဲနိုင်ရန်အတွက် လိုအပ်သည့် နည်းဥပဒေများ ပြဋ္ဌာန်းသတ်မှတ်ရမည်လို့ ထပ်မံဖြည့်စွက်ချင်ပါတယ်။ ၃၀-င အဖြစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်နှင့်စပ်လျဥ်း၍ ဤဥပဒေအရ မဟုတ်ဘဲ ယခင် နည်းလမ်းတစ်ရပ်ရပ်ဖြင့်သော် လည်းကောင်း၊ တခြားဥပဒေတစ်ရပ်ရပ်ဖြင့်သော်လည်းကောင်း လုပ်ကိုင်အသုံးပြု ခွင့်ရရှိခဲ့သည့် မည်သူ မဆို ယင်းမြေလွတ်၊ မြေလပ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်အတွက် ဤဥပဒေနှင့်အညီ ပြန်လည်လျှောက်ထား ရမည်ဟု ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၅။**

**ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် ပြင်ဆင်လိုတဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းဥပဒေကြမ်း အပိုဒ်(ဆ) ပုဒ်မ ၁၇ တွင် ဒီပြင်ဆင်တဲ့ ဥပဒေကြမ်းဆိုတာကတော့ ၁၅-၁၁-၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော်သို့ တင်ပြအစီရင်ခံတဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)ကို ဆိုလိုပါတယ်။ ကျွန်တော် ပြင်ဆင်လိုတဲ့ ဥပဒေကြမ်း မှာပါတာကတော့ အပိုဒ် (ဆ) ပုဒ်မ ၁၇ တွင် ပုဒ်မခွဲ (က)အဖြစ် ဖြည့်စွက်လိုပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီကို ဗဟိုကော်မတီမှ သတ်မှတ်ပေးသည့် လုပ်ငန်း တာဝန်များတွင် မြေယာမဲ့နိုင်ငံသားများ လုပ်ကွက်ငယ် တောင်သူလယ်သမားများနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်လိုသူများက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် များကို စည်းကမ်းချက်များနှင့်အညီ လျှောက်ထားလာပါက အလျင်အမြန် စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်ဆိုတဲ့ စကားရပ်ကို ကျွန်တော် ထည့်သွင်းလိုပါတယ်ခင်ဗျား။

ဒါကတော့ အဓိက ကတော့ တစ်ဦးချင်း တောင်သူလယ်သမားတွေ၊ မြေယာမဲ့နိုင်ငံသားတွေ၊ လုပ်ကွက်ငယ် တောင်သူလယ်သမားတွေအတွက် လျှောက်ထားနိုင်ဖို့အတွက် ဖြစ်ပါတယ်။ မူလ နည်းဥပဒေ အခန်း(၂) ပုဒ်မ ၃ မှာ ပုဒ်မခွဲ (ဆ)မှာ ပါရှိတာကတော့ ကျေးလက်ဒေသ တောင်သူ

လယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး လုပ်ကိုင်လိုသူများသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ဗဟိုကော်မတီသို့ လျှောက်ထားရမည်ဆိုတဲ့ စကားအရဆိုလို့ရှိရင် ဗဟိုကော်မတီကို လျှောက်ထားမယ်၊ ဗဟိုကော်မတီကနေ နေပြည်တော်ကောင်စီရုံး ပြည်နယ်၊ တိုင်း၊ ပြည်နယ်၊ တိုင်းကနေ ထပ်ဆင့်ပြီးတော့ ခရိုင်၊ မြို့နယ်အထိ ဆင်းသွားပါတယ်။ တစ်ခါ ခရိုင်မြို့နယ်မှ အဆင့်ဆင့်စိစစ်ပြီးတော့ ဗဟိုကော်မတီဆီသွားတဲ့ အချိန်ကြာပါတယ်။ သူတို့ လုပ်ကွက်ငယ်တောင်သူလယ်သမားလေးတွေအနေနဲ့ (၅)ဧက (၁၀)ဧကလောက်ကို အသွားအပြန်လုပ်ကိုင်နေတဲ့ သူတို့ဆောင်ရွက်တာ တော်တော်အခက်အခဲရှိတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒီပုဒ်မကို အစားထိုးဖြည့်စွက်ခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒုတိယပြင်ဆင်လိုတာကတော့ ပြင်ဆင်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် (၉)မှာပါတဲ့ ပုဒ်မ ၂၇ ပုဒ်မခွဲ(ဂ)မှာ မိမိလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသည့် မြေမဟုတ်သည့် အခြားသူ လုပ်ကိုင်ဆောင်ရွက်နေသော မြေပေါ်တွင် ကျူးကျော်လုပ်ကိုင်ခြင်း ဆိုတဲ့ စကားနောက်မှာ ထပ်ဖြည့်ပြီးတော့ သို့မဟုတ် မိမိ လုပ်ပိုင်ခွင့် အသုံးပြုခွင့် ရရှိသည့် မြေဧရိယာကို ကျော်လွန်၍ အခြား မြေပေါ်တွင် ကျူးကျော်လုပ်ကိုင်ခြင်း ဆိုသည့် စကားရပ်ကို ထပ်မံဖြည့်စွက်လိုပါတယ်။ ဒါကလည်း ဖြည့်စွက်ခြင်း အကြောင်းအရာကလည်း လက်တွေ့ ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ ဖြစ်ရပ်တွေပေါ် အခြေခံပြီးတော့ ထပ်မံပြင်ဆင်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နောက်ထပ် ထပ်ပြီးတော့ ပြင်ဆင်လိုချင်တဲ့ အချက်ကတော့ ပြင်ဆင်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် (၉) ပုဒ်မ ၃၀- က ရဲ့ နောက်မှာ ပုဒ်မ ၃၀ - ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ချင်ပါတယ်။ ၃၀-ခ ၂၀၁၂ ခုနှစ် လယ်ယာမြေ နည်းဥပဒေများတွင် ပါရှိသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများမှ ပြောင်းလဲသတ်မှတ်သော လယ်ယာမြေများနှင့် ပတ်သက်၍ ဤဥပဒေနှင့်အညီ နိုင်ငံတော်၏ မြေခွန်တော်များရရှိရေးတွင် ထိခိုက်မှုမရှိစေရဟု ဖြည့်စွက်သင့်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ နိုင်ငံတော်မှာ သတ်မှတ်တဲ့ မြေခွန်တော် ရရှိဖို့ဆိုတာကလည်း မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အသုံးချခွင့်ပေးတာက နိုင်ငံတော်ရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်ပါတယ်။

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ အသုံးချခွင့်ပေးတဲ့အတွက် နိုင်ငံတော်ရရှိမယ့် မြေခွန်တော်များကိုလည်း နိုင်ငံဖွံ့ဖြိုးရေးမှာ ပြန်လည်သုံးစွဲနိုင်ဖို့အတွက် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ မြေခွန်တော်များ ရရှိဖို့ မထိခိုက်စေရ ဆိုတဲ့အချက်ကို ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ ၁၉၉၂ နဲ့ ၂၀၁၆ အတွင်းမှာ ရရှိတဲ့ အစီရင်ခံစာများအရဆိုလို့ရှိရင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ အသုံးပြုခွင့်ချပေးထားသော ဧရိယာမှာ ဧကပေါင်း (၃.၈၇၅)သန်း ဖြစ်ပါတယ်။ တစ်ဦးချင်း အမည်ပေါက် မြေအသုံးချခွင့်ရရှိသူများ အတွက် ချထားပေးတဲ့ မြေဧကပေါင်းက(၁.၂၂)သန်းခန့် ဖြစ်ပါတယ်။ ဒီအစီရင်ခံစာများအရ ဆိုလို့ရှိရင် မြေအသုံးချခွင့်ပေးတဲ့ ဧက (၃.၈၇၅)သန်းအနက် စိုက်ပျိုးနိုင်မှုက ဧက (၅.၇၇)သိန်း ဧကလောက်သာ ရှိပါတယ်။ ရာခိုင်နှုန်းအရ ပြောရမယ်ဆိုလို့ရှိရင် စိုက်ပျိုးတဲ့ဧက က(၁၄.၉)ရာခိုင်နှုန်းနှင့် မစိုက်ပျိုးဘဲ ပစ်ထားတာက (၈၅.၁၁)ရာခိုင်နှုန်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်လည်း နိုင်ငံတော်ရဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ အသုံးချမှုနှင့် စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်အောင် စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်မည့် ဥပဒေကောင်း တစ်ရပ် လိုအပ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၀။**

**ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ၂၀၁၇ နှင့်ပတ်သက်၍ အချက်(၂)ချက် ဆွေးနွေးလိုပါတယ်။ ပထမဆုံးအနေနဲ့ကတော့ အခန်း(၇) ကြီးကြပ်ခြင်းအပိုဒ်၊ ပုဒ်မ ၁၇ မှာ ဖော်ပြထားတဲ့ ဗဟိုကော်မတီသည် မြေလွတ်၊ မြေရိုင်း၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တင်ပြလာသည့်ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတွင် လုပ်ငန်းအဖွဲ့များနှင့် သီးခြားအဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များအား သတ်မှတ်ပေးရမည်ဟု ဖော်ပြထားပါတယ်။ အဲဒီ ပုဒ်မခွဲ(က)ကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တင်ပြလာသည့်ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်/ခရိုင်အသီးသီးတွင် လုပ်ငန်းအဖွဲ့များနှင့် သီးခြားအဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များအား သတ်မှတ်ပေးရမည်ဟု ဖြည့်စွက်ပြင်ဆင်လိုပါတယ်။

ပုဒ်မ ၁၇ မှာပဲ (ခ)မှာ ဖော်ပြထားတဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများတွင် ဤဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူခြင်းမရှိဘဲ ဝင်ရောက်လုပ်ကိုင်အသုံးပြုသူများကို အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ လုပ်ငန်းအဖွဲ့များကို တာဝန်ပေးအပ်ရမည်ဟု ဖော်ပြထားတဲ့အပိုဒ်မှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများတွင် ဤဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူခြင်းမရှိဘဲ ဝင်ရောက်လုပ်ကိုင်အသုံးပြုသူများကို အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်/ခရိုင်အသီးသီးရှိ လုပ်ငန်းအဖွဲ့များကို တာဝန်ပေးအပ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်လိုပါတယ်။ အကြောင်းကတော့ လုပ်ကွက်ငယ်လုပ်ကိုင်သူ ကျေးလက်ဒေသ တောင်သူလယ်သမားများ မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် အခြေခံနှင့်အနီးစပ်ဆုံး သက်ဆိုင်ရာဒေသ အဖွဲ့အစည်းများက ကြီးကြပ်ခြင်းကသာ ပိုမိုအဆင်ပြေထိရောက်နိုင်မယ်ဖြစ်သောကြောင့် ဖြစ်ပါတယ်။

ဒုတိယဆွေးနွေးလိုတာကတော့ ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ)မှာဖော်ပြထားတဲ့ ခြေဆင်းမှာ ဖော်ပြထားတဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ရယူလုပ်ကိုင်အသုံးပြုနေခဲ့သော ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများသည်ဟု ဆိုတဲ့နေရာမှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ စီးပွားရေး

လုပ်ငန်းများအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ရယူလုပ်ကိုင်အသုံးပြုနေခဲ့သော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည်ဟု ဖြည့်စွက်ပြင်ဆင်လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်စီးပွား ဖွံ့ဖြိုး တိုးတက်ရေးအတွက် ခွင့်ပြုရန်လိုအပ်သဖြင့် စီးပွားဖြစ်ဆောင်ရွက်သော လုပ်ငန်းကြီးများအား ကြီးကြပ်မှု ပြုရာမှာ စီမံမှုပြုရာမှာ ဤ ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၁)(၂)(၃)တို့ဖြင့် သင့်လျော်သော်လည်းပဲ လုပ်ကွက်ငယ် ကျေးလက်ဒေသတောင်သူလယ်သမားများ မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင် လိုသူများနှင့် အထူးသဖြင့် တိုင်းရင်းသား ဒေသတောင်ယာလုပ်ကိုင်သူများအတွက် ဤဥပဒေအတိုင်း ဆောင်ရွက်မယ်ဆိုရင် အခက်အခဲအကြပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့နိုင်သောကြောင့် ဖြည့်စွက် ပြင်ဆင်လိုခြင်း ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)**။ ။ လေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာစေကြောင်း ဆုမွန်တောင်းလို့ မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် အခုဆွေးနွေးမှာကတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေကို ပြင်ဆင်ဆွေးနွေးမှာဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပေါ။ ကျွန်တော် ဒီဥပဒေမှာ မူလဥပဒေအဟောင်းဖြစ်တဲ့ ၂၀၁၂ ခုနှစ်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေ၊ နည်းဥပဒေမှာပါတဲ့ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်တွေကို ကျွန်တော် ကြားဖြတ်ပြီးတော့ ကျွန်တော် ဖော်ပြပေးသွားခြင်း ဖြစ်ပါတယ်။ ဒါက ကျွန်တော်အသစ်ဖြည့်စွက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် အခန်း(၂)က ကျွန်တော် (ပ)ကို ကျွန်တော်က (ပ)အနေနဲ့ ကျွန်တော် အသစ်ဖြည့်စွက်တာဖြစ်ပါတယ်။ ဒါဟာ ကင်းလွတ်ခွင့်ပြုသော မြေဆိုတဲ့ဟာကို ကျွန်တော် ဒီမှာ နောက်ပိုင်းမှာ ကျွန်တော် သက်ဆိုင်ရာ ပုဒ်မတစ်ခုမှာ ကပ်ထားမှာဖြစ်တဲ့အတွက် ဒါကို ကျွန်တော် ကြိုတင်ပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းဖြစ်ပါတယ်။ ဒီ ကင်းလွတ်ခွင့်ပြုသောမြေဆိုတဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်မှာပါတဲ့ (၁)(၂)(၃)သည် ဒီမြေတွေကို မြေလွတ်၊ မြေရိုင်းကနေ ဆွဲထုတ်မှာ ဖြစ်တဲ့အတွက်ကို ဒီဟာကို ကြိုတင်ပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းဖြစ်ပါတယ်။ ဒါကတော့ နည်းဥပဒေပါ လုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် ပုဒ်မ ၃(က) ကို ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ဒါက နည်းဥပဒေပါ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ဖြစ်ပါတယ်။ ဒါက ပုဒ်မ ၃(ဂ) ကို ကျွန်တော် အသစ်ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ ဒါက ကျွန်တော် ပုဒ်မ ၈ ကို အသစ်ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ ဒါက ပုဒ်မ ၉ ကို ကျွန်တော် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါက ပုဒ်မခွဲ ၁၀(က) ရဲ့ (၅)ကို ကျွန်တော် အသစ်ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။

မူလအခန်း (၂)မှာ ကျွန်တော် အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ ကင်းလွတ်ခွင့်ပြုတဲ့မြေတွေကို ကျွန်တော် ဒီ ပုဒ်မ ၁၀(က)ရဲ့ (၅)နားမှာ ကျွန်တော် ကပ်ထားခြင်း ဖြစ်ခြင်းအားဖြင့် မူလ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ ကင်းလွတ်ခွင့်ပြုထားတဲ့မြေတွေ သာသနာရေးနှင့်ပတ်သက်တဲ့မြေတွေ၊ နောက်ပြီးတော့ ခုနက ကျွန်တော် အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ မြေတွေအားလုံးဟာ ဒီမှာ အကျုံးဝင်သွားမှာဖြစ်ပါတယ်။ ဒါက ကျွန်တော် ပုဒ်မ ၂၅ (က)ကို ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါက ပုဒ်မ ၂၅ (ခ)ကို ကျွန်တော် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၆။**

**နော်ခရစ္စထွန်း (ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေကို ဝင်ရောက်ဆွေးနွေးရခြင်း အကြောင်းအရင်းကတော့ ကျွန်မရဲ့မြို့နယ်မှာရှိတဲ့ မြေလွတ်၊ မြေလပ်နှင့် တောရိုင်းမြေအဖြစ် အမည်ပေါက်နေတဲ့ မြေဧက(၃)သိန်းကျော်ရဲ့ အကျိုးအတွက် ဝင်ရောက်ဆွေးနွေးခြင်း ဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံပါတယ်။ အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်မှာ ပုဒ်မ ၂ (က)ကို Slide ပါအတိုင်း ပြင်ဆင်ချင်ပါတယ်။ ကြောင်းကျိုးဖော်ပြချက်အနေနဲ့ စီမံခန့်ခွဲရေးကော်မတီကို မြို့နယ်အဆင့်ထိ ပါဝင်စေချင်ပါတယ်။ မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့မှာ မြို့နယ်အဆင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေအတွက် ဆောင်ရွက်ခွင့်မရှိပါဘူး။ လုပ်ထုံးလုပ်နည်းမှာလည်း မပါဝင်ပါဘူး။ မြို့နယ်အဆင့် လွှမ်းခြုံနိုင်ဖို့ Process တွေ ကြာနေတဲ့အတွက်ကြောင့်မို့ မြို့နယ်အဆင့်မှာ တာဝန်ခံဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ကျွန်မရဲ့ မဲဆန္ဒနယ်မှာ ဆက်သွယ်ရေးလည်း ခက်ခဲပါတယ်။ ဒေသကိုလွှမ်းခြုံနိုင်ဖို့ ဒေသဆိုင်ရာအဆင့်ထိ လိုအပ်ပါတယ်။ ဒေသဆိုင်ရာ အခွင့်အရေးရသင့်ပါတယ်။

ဒုတိယပြင်ဆင်လိုတာက ပုဒ်မ ၂(စ)မှာ Slide ပါအတိုင်း ဤစကားရပ်တွင် ဤဥပဒေအရ ဆောင်ရွက်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် လက်ရှိ စိုက်ပျိုးလုပ်ကိုင် အသုံးပြုခြင်းမရှိသော ကြိုးဝိုင်း၊ သစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများ ပါဝင်သည်ဆိုတဲ့အပိုဒ်မှာ ကျွန်မတို့က ဤဥပဒေအရကို ဆောင်ရွက်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးတဲ့အပိုဒ်ကို ထည့်သွင်းဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်မှာဆိုရင် မြေလွတ်၊ မြေလပ်အမည်ပေါက်နှင့် တောရိုင်းမြေအမည်ပေါက် ဧက(၃)သိန်း ရှိပါတယ်။ တောရိုင်းမြေအမည်ပေါက်အဖြစ် တရားဝင်ပယ်ဖျက်ပြီးဖြစ်ဖို့အတွက် လိုအပ်သလို စိုက်ပျိုးလုပ်ကိုင်ပြီး မြေတွေလည်း ဖြစ်နေပါတယ်။ အဲဒီအတွက် အဲဒီမြေပြင်မှာ မြေကြီး၊ မြေပုံနှင့် မြေအမျိုးအစား ပြန်လည်ခွဲခြားသတ်မှတ်ပေးဖို့ လိုအပ်နေပါတယ်။ အခန်း (၂) စီမံခန့်ခွဲရေး

ကော်မတီဖွဲ့စည်းခြင်း ပုဒ်မ ၃(ဂ)မှာ Slide ပါအတိုင်း ပြင်ဆင်ချင်ပါတယ်။ အဆင့်ဆင့်သော စီမံခန့်ခွဲရေး ကော်မတီတွေကို ဖွဲ့စည်းပေးရမှာဖြစ်သလို အလွှာစုံ၊ လူတန်းစားစုံ ပါဝင်ဖို့လည်းလိုအပ်ပါတယ်။

ဆက်လက်ပြီး အခန်း (၃) တာဝန်နှင့်လုပ်ပိုင်ခွင့် ပုဒ်မ ၈ ရဲ့နောက်မှာ (က)(ခ)(ဂ)ကို ထပ်မံဖြည့်စွက်ချင်ပါတယ်။ အဆင့်ဆင့်သော စီမံခန့်ခွဲရေးကော်မတီတွေရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို သတ်မှတ်ပေးဖို့ လိုအပ်နေပါတယ်။ ဆက်လက်ပြီး အခန်း (၉) ပြစ်မှုနှင့်ပြစ်ဒဏ်အပိုင်းမှာ ပုဒ်မ ၂၉(က)နှင့်(ခ)ကို Slide ပါအတိုင်း ပြင်ဆင်ချင်ပါတယ်။ ပြစ်မှုနှင့်ပြစ်ဒဏ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ လိုအပ်နေပါတယ်။ အထွေထွေအနေနဲ့ ကျွန်မ ပုဒ်မ ၃၀(က)ကို Slide ပါအတိုင်း ထပ်မံဖြည့်စွက်ချင်ပါတယ်။ အထူးသဖြင့် ကျွန်မရဲ့ မဲဆန္ဒနယ်မှာ စိုက်ပျိုးရေးဒေသဖြစ်တဲ့ အတွက်ကြောင့် ဓားမဦးချ စိုက်ပျိုးလုပ်ကိုင်လာတဲ့ ဒေသခံတွေရဲ့ အခွင့်အရေးကို ရစေချင်ပါတယ်။ ယခင်က Investor၊ Pro Business တွေကို အခွင့်အရေးပေးခဲ့တဲ့အတွက်ကြောင့် ဒေသခံတွေရဲ့ အခွင့်အရေး လက်လွှတ်ဆုံးရှုံးခဲ့ရပါတယ်။

အဲဒီအတွက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် လယ်ယာမြေဥပဒေကို ချိတ်ဆက်ပေးဖို့ လိုပါတယ်။ ဥပမာအားဖြင့် ပုံစံ(၇) လျှောက်ခွင့်ပြုဖို့ လိုအပ်နေပါတယ်။ အထွေထွေအနေနဲ့ ပုဒ်မ ၃၀(ခ)ကို Slide ပါအတိုင်း ထပ်မံဖြည့်စွက်ချင်ပါတယ်။ ယခင်က အခွင့်အရေးရရှိခဲ့တဲ့ Investor နှင့် Pro Business တွေဟာ မြေကို လက်ဝယ်ပိုင်ဆိုင်ထားပြီး အသုံးချမှုမရှိတာတွေ သတ်မှတ်ချက်အတိုင်း လုပ်ဆောင်မှုမရှိတာတွေ၊ လိုက်နာမှုမရှိတာတွေကို တွေ့ရပါတယ်။ ဥပမာ စီမံကိန်းသီးနှံ (၄)နှစ်ပြည့် မြောက်ပေမယ့် လုပ်ငန်းဆောင်ရွက်ခြင်းမရှိတာတွေ ပြောင်းလဲပြီး အသုံးပြုတာတွေ ဒီနေ့အထိတိုင် ဗဟိုလုပ်ပိုင်ခွင့် ပြန်လည်မအပ်နှံတာတွေ ရှိပါတယ်။ ဒါတွေကို ဥပဒေနှင့်အညီ စနစ်တကျ ပြန်လည် စိစစ်ပြီး ချထားပေးရမယ့်အပြင် မူလစိုက်ပျိုးလုပ်ကိုင်သူရဲ့ အခွင့်အရေးကို ရစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၁။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ၂၀၁၇ ခုနှစ်အား ပြင်ဆင်လိုသည်များကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆန်း မှ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ အခန်း ၄ ပုဒ်မ ၁၀(က)အပိုဒ်ခွဲ ၄ မူလဥပဒေမှာ ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် (၅၀)ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း သက်ဆိုင်ရာများကို သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုက ခွင့်ပြုပေးနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည်ဟု ဆိုထားပါတယ်။

ကျွန်တော့်အနေဖြင့် ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ တစ်ခုတည်းဖြင့် ကျေးလက်နေပြည်သူများ စီးပွားရေးအဆင်မပြေနိုင်၊ မွေးမြူရေးပါတွဲပြီး လုပ်ကိုင်နိုင်မှ အဆင်ပြေမည်

ဖြစ်ပါသဖြင့် ပုဒ်မ ၁၀(က)အပိုဒ်ခွဲ ၄ အား ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း ထည့်ချင်ပါတယ်။ လုပ်ကိုင်လိုသူများ အတွက် (၅၀)ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းကို ပြည်နယ်/တိုင်းဒေသကြီးအဆင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း စီမံခန့်ခွဲရေးကော်မတီမှ လိုအပ်သည့်အစီအစဉ်များ ချမှတ်ပေးရမည်ဟု ကျွန်တော် ပြင်ဆင်လိုပါတယ်။ နောက် ပုဒ်မ ၁၀(ခ)အခန်း ၄၊ ပုဒ်မ ၁၀(ခ) မွေးမြူရေးလုပ်ငန်းတွင် ဆိုပြီးတော့ အပိုဒ်ခွဲငယ် ၂ (ကက)တွင် ကျွဲ၊ နွား၊ မြင်း မွေးမြူရေးဖြစ်ပါက တိရစ္ဆာန်အကောင်ရေကို လိုက်ပြီးတော့ ဧက(၁၀၀)မှ ဧက(၂၀၀၀) ထက်မပိုစေဘဲနဲ့ ခွင့်ပြုနိုင်သည်ဟု ပြင်ဆင်လိုပါတယ်။

နောက် အပိုဒ်ခွဲငယ်(ခခ)မှာ သိုး၊ ဆိတ် မွေးမြူရေးဖြစ်ပါက တိရစ္ဆာန်အကောင်အရေအတွက် လိုက်ပြီးတော့ ဧက(၅၀)မှ ဧက(၅၀၀)ထက်မပိုစေဘဲလို့ ခွင့်ပြုနိုင်သည်ဟု ပြင်ဆင်လိုပါတယ်။ အပိုဒ်ခွဲငယ် (ဂဂ)မှာ ကြက်၊ ဝက်၊ ဘဲ၊ ငုံး မွေးမြူရေးဖြစ်ပါက တိရစ္ဆာန်အကောင် အရေအတွက်လိုက်ပြီး ဧက(၃၀)မှ ဧက(၃၀၀)အထက်မပိုစေဟု ခွင့်ပြုနိုင်သည်ဟု ပြင်ဆင်လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပြဋ္ဌာန်းလိုက်သဖြင့် အခန်း ၃ လယ်ယာမြေဥပဒေပုဒ်မ ၄၃ တွင် အောက်ပါဥပဒေများကို ဤ ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ (က) ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ (ခ) ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေ (ဂ) ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့်ဥပဒေတို့ကို ကျွန်တော်တို့ ဖျက်သိမ်းခဲ့ပါတယ်။ အဲဒီလိုပါပဲ ကျွန်တော်တို့ အခန်း ၁၀ အထွေထွေမှာပဲ ယခု မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေ ၂၀၁၂ မပြုခင် ၁၉၉၁ ခုနှစ်က မြေလွတ်၊ မြေလပ်နှင့် စီမံခန့်ခွဲရေး ကြေညာချက်အား ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်ဟု ပုဒ်မ ၃၅ တစ်ခု ထပ်မံပြီး ဖြည့်စွက် လိုပါတယ်ခင်ဗျား။

အခန်း (၈) ပုဒ်မ ၂၅ (ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ချပေးသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လုပ်ပိုင်ခွင့်ရရှိထားပြီးသော တောင်သူလယ်သမားများရှိပါက ၎င်းတို့နှစ်ဦး နှစ်ဖက်သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရမည်လို့ ဆိုထား ပါတယ်။ ကျွန်တော်တို့ အဲဒီဟာလည်း နည်းနည်းပြင်ချင်ပါတယ်။ အကြောင်းပြချက်ကတော့ ကျွန်တော်တို့ မဲဆန္ဒနယ် မကွေးမြို့နယ်မှာ ၂၀၁၁ ခုနှစ်က ဒေါင်းနေကြိုးပြင်ကာကွယ်တော၊ ဆူးပစ်စမ်းကြိုးပြင် ကာကွယ်တောလို့ သတ်မှတ်ရာမှာ မူလမြေခွန်ဆောင်ပြီး ယာလုပ်ငန်းလုပ်နေသော တောင်သူလယ်သမား များ၏ ယာမြေများပါရှိကြသဖြင့် ပုံစံ(၇)ပြုလုပ်မရသလို စိုက်ပျိုးစရိတ်ချေးငွေများလည်းထုတ်ယူ၍ မရပါသဖြင့် ကျွန်တော် ဒီ ပုဒ်မကို ကျွန်တော့်အနေနဲ့ ပြင်ချင်ပါတယ်။

နောက် မကွေးတိုင်းဒေသကြီး ပုသိမ်-မုံရွာလမ်းဘေးတစ်လျှောက်မှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ တစ်သောင်းခွဲခန့်ကို ပုဂ္ဂလိကများက ယူဆောင်ထားသည်ကို အကောင်အထည်ဖော် ဆောင်ရွက်ထားခြင်းကို မပြုလုပ်ပါဟု တိုင်းဒေသကြီး အစီအမံနှင့် လက်ရှိထိန်းသိမ်းစောင့်ရှောက် ထားကြောင်း သိရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ အခန်း (၈) ပုဒ်မ ၂၅ (ဂ)ကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့် ချပေးထားသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လုပ်ကိုင်ခွင့်ရရှိထားပြီးသော တောင်သူလယ်သမားများရှိပါက ၎င်းတို့နှစ်ဦးနှစ်ဖက် သဘောတူညီချက်

ရယူပြီးမှသာ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရမည်ဟု ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလောက်ပဲ ပြင်လိုပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၅။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်ပတ်သက်လို့ ဆွေးနွေးသွားရန် Power Point အသုံးပြုခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

ပုဒ်မ ၂ မှာ ကျွန်တော်တို့ မြေရိုင်းဆိုသည်မှာ ဆိုပြီးတော့ အောက်မှာ ယင်းစကားရပ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် လက်ရှိထားခြင်း စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသည့် ကြိုးဝိုင်းသစ်တောများ၊ စားကျက်မြေနှင့် အင်းအိုင်မြေများ ပါဝင်သည်ဆိုတဲ့ အပိုဒ်ကို ကျွန်တော်က ဖျက်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေကို ပယ်ဖျက်ပြီးလို့ ဆိုထားတဲ့အတွက်ကြောင့် မူလအတိုင်း သစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများ ပြန်ဖြစ်သွားတဲ့အတွက်ကြောင့် မြေရိုင်းမဟုတ်တော့လို့ ဖြစ်ပါတယ်။

နောက် ပုဒ်မ ၃ မှာ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးရဲ့ ရှေ့မှာ ကျွန်တော်တို့ ဒေသခံများနှင့် လယ်မဲ့ ယာမဲ့များ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေပြီးဆိုပြီးတော့ ဖြည့်စွက်လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒေသခံများ ဓားမဦးချများ လယ်မဲ့ယာမဲ့များကို ဦးစားပေးချထားသင့်လို့ ဖြစ်ပါတယ်။ ပုဒ်မ ၃ မှာ ထိုသို့ အခြားသင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းရာတွင် ပြည်သူ့ကိုယ်စားလှယ်များ၊ လွှတ်တော်ရေးရာကော်မတီများ၊ (ဂ)မှာလည်းပဲ ဒေသခံကိုယ်စားလှယ်များ ဆိုတာကို ကျွန်တော်က ပယ်ဖျက်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခြေခံဥပဒေနှင့် ဆန့်ကျင်နေလို့ ဖြစ်ပါတယ်။

ပုဒ်မ ၈ ပုဒ်မခွဲ (ခ) (၂) မှာ ဆိုလို့ရှိရင် အယူခံရုံးအဆင့်ဆင့်သည် မိမိတို့ထံ အယူခံဝင်ရောက်လာသော လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားမှုများအတွက် မူလရုံး၏အမိန့် (သို့မဟုတ်) ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းအမိန့်များ ချမှတ်နိုင်သည်လို့ ပြင်ဆင်လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အယူခံရုံးအဆင့်ဆင့်ဟာ လုပ်ပိုင်ခွင့်ပြုခြင်းထက် မူလရုံးရဲ့ အမိန့်ကို အတည်ပြုခြင်း(သို့မဟုတ်) ပြင်ဆင်ခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်း တစ်ခုခုကို ချမှတ်ရမှာ ဖြစ်ပါတယ်။

ပုဒ်မ ၁၆ (ဇ)မှာလည်းပဲ နိုင်ငံတော်မှ အကြောင်းတစ်ရပ်ရပ်အရ ပြန်လည်သိမ်းယူပါက ၎င်းလုပ်ပိုင်ခွင့်ရမြေကို ရက်(၃၀)ကျော်လွန်ပါက နိုင်ငံတော်သို့ ပြန်လည်အပ်နှံပြီးဖြစ်သည်ဟု မှတ်ယူရမည်ဆိုပြီးတော့ ပြင်ဆင်လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သို့မှသာ ဥပဒေအရ ထိရောက်မှုရှိပြီး လာရောက်မအပ်နှံသော်လည်း နိုင်ငံတော်ပိုင် ဖြစ်သွားဖို့ ဖြစ်ပါတယ်။ ပုဒ်မ ၂၈ မှာတော့ မည်သူမဆို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိသူ (သို့မဟုတ်) ထိုသူ၏ သဘောတူခွင့်ပြုချက်အရ လုပ်ကိုင်သူက ဆိုပြီးတော့ ဒီနေရာမှာ မူလဥပဒေပြင်ဆင်ထားတာကလို့ သုံးထားပါတယ်။ အဲဒီအစား လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူကိုဖြစ်စေ (သို့မဟုတ်) ထိုသူ၏ သဘောတူခွင့်ပြုချက်အရ လုပ်ကိုင်သူကိုဖြစ်စေ အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် ဥပဒေနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းဆောင်ရွက်မှု တစ်စုံတစ်ရာကို ဟန့်တားနှောင့်ယှက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၃)သိန်း ထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ် (၂)ရပ်လုံးဖြစ်စေ ချမှတ်ရမည်လို့ ပြင်ဆင်ချင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ပြဿနာဖြစ်လို့ရှိရင် ဒီမှာ ပြစ်မှုကျူးလွန်တဲ့လူနှင့် လုပ်ပိုင်ခွင့်ရရှိတဲ့လူ အသုံးပြုခွင့်ရရှိတဲ့လူတွေကို ကွဲပြားစေရန်ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမှုဖြစ်လို့ရှိရင် မည်သူမဆို ဆိုတဲ့လူက အောက်မှာလည်းပဲ ကျွန်တော်တို့ ထိုသူကို ပြစ်မှုထင်ရှားခံရလျှင် ထိုသူကို ဆိုတာ မည်သူမဆိုကိုပဲ ဆိုလိုပါတယ်။ ဒီလူက တရားရုံးမှာ ဖြစ်လို့ရှိရင် တရားခံဖြစ်မယ့်သူပါ။ နောက်တစ်ခါ အသုံးပြုခွင့်ရရှိသူ လုပ်ပိုင်ခွင့်ရရှိသူက တရားလိုဖြစ်မယ့်လူပါ။

ဒါကြောင့်မို့လို့ ဒီနေရာမှာ က ကို သုံးထားလို့ရှိရင် က အစား ၏ သို့မဟုတ် ထိုသူ၏ သဘောတူခွင့်ပြုချက်အရ တင်ပြတိုင်ကြား၍ ဆိုလို့ရှိရင်လည်း ဖြစ်နိုင်ပါတယ်။ ဒါကို ဖြစ်အောင် ကျွန်တော်တို့ ကံပုဒ်အနေနဲ့ ပြင်ဆင်ချင်တာကတော့ ခုနကဖော်ပြပါအတိုင်း မည်သူမဆို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူကို ဆိုပြီးတော့ ကို ကို ထည့်ထားပါတယ်။ သို့မဟုတ် ထိုသူ၏သဘောတူခွင့်ပြုချက်အရ လုပ်ကိုင်သူကို ဆိုပြီးတော့ ကို နဲ့ ပြန်သုံးစွဲထားခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပြစ်မှုကျူးလွန်သူနှင့် လုပ်ပိုင်ခွင့်ရရှိတဲ့လူ၊ အသုံးပြုခွင့်ရရှိတဲ့လူတို့ နှစ်ဖက်မှာ ကွဲပြားစေရန်အတွက် ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဝင်းဇော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၀။**

**ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဝင်းဇော် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့မှ ပုဒ်မ ၁၀(က) ပုဒ်မ ၂၂ (က) (ခ) စတဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပုဒ်မ ၁၀(က)မှာ ပါတဲ့ ကျွန်တော်တို့ ဒီ ဗဟိုကော်မတီဟာ တစ်ကြိမ် လျှင် ဧက (၁၀၀)ကနေ (၃၀၀၀)၊ ပြည်နယ်နှင့်တိုင်း ကော်မတီတွေက ဧက(၅၀)ကနေ (၁၀၀)၊ နောက်တစ်ခု ခရိုင်ဆိုပြီးတော့မှ ကျွန်တော်တို့ ဒီ ပုဒ်မခွဲလေးတွေ (၁)၊ (၂)၊ (၃)၊ (၄) ဆိုပြီးတော့ ခေါင်းစဉ်တပ်ထားပါတယ်။ အဲဒီထဲမှာ (၃)နဲ့ (၄) က နှစ်ခုကွဲပြီးတော့မှ ခရိုင်အတွက်ပဲ ရည်ရွယ်တယ် လို့ ကျွန်တော့်အနေနဲ့ သဘောပေါက်ပါတယ်။ အဲဒီတော့ ဒီနှစ်ခုကိုပေါင်းလိုက်ပြီးတော့မှ ခရိုင် ကော်မတီသည် ကျေးလက်ဒေသတောင်သူ လယ်သမားများနှင့် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး လုပ်ကိုင်သူများအတွက် ဧက(၅၀)ထက် မပိုသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ချထားပိုင်ခွင့် ရှိသည်လို့ ကျွန်တော်တို့ ပေါင်းလိုက်ရင် ရပါတယ်။ နောက်ပြီးတော့မှ ခုနတုန်းကအထက်မှာ ဖော်ပြ ခဲ့တဲ့ (၃)ထဲမှာပါတဲ့အချက်နဲ့ (၄)ထဲမှာပါတဲ့ အချက်ကို ပေါင်းလိုက်ရင်ရပါပြီ။

နောက်တစ်ခုကကျတော့ ပုဒ်မ ၂၂ (က) မှာဆိုလို့ရှိရင် ဒါ ကြီးကြပ်တဲ့အပိုင်း ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို ဝန်ကြီးလာတင်တုန်းကတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကို လုပ်ပိုင်ခွင့်တိတိကျကျ မရသေးခင်မှာ ဒီ ဝင်ရောက်လုပ်ကိုင်တဲ့အတွက်ကြောင့်မို့လို့ ပြဿနာက အခုအချိန်ထိ မရှင်းနိုင်ဘူးလို့ သူကပြောသွားတာပါ။ ဒါပေမဲ့ ဒီ ကြီးကြပ်ခြင်းကလည်း အရေးကြီးပါတယ်။ ၂၂ (က)၊ (၁) မှာ ခွင့်ပြုမိန့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ ခွင့်ပြုမိန့်ထုတ်ပြန်သည့် ရက်စွဲနှင့်စာအမှတ် တို့ကို ပြည့်စုံစွာဖော်ပြပြီး အမှန်တကယ်ဖော်ထုတ် လုပ်ကိုင်အသုံးပြုပြီးတော့ မြေဧရိယာအနက် ကျန်ရှိသောဧရိယာတို့ကို အထောက်အထားခိုင်လုံစွာဖြင့် ခာတ်ပုံမှတ်တမ်းများပူးတွဲလျက် မှတ်တမ်းပြုစုပြီး ဗဟိုကော်မတီသို့ တင်ပြရမယ်လို့ သူကဆိုထားပါတယ်။

ဒီနေရာမှာ ကြီးကြပ်တယ်လို့ပြောတဲ့အခါမှာ ဘယ်အဖွဲ့ကနေ ကြီးကြပ်မလဲဆိုတဲ့ အပိုင်း မပါဘဲနဲ့ လုပ်ပိုင်ခွင့်ရထားတဲ့သူကပဲ ကြီးကြပ်မယ်ဆိုတော့ ကိုယ့်ကိုကိုယ် ပြန်တရားစီရင်ဖို့အတွက် အစီရင်ခံစာတင်ခိုင်းသလို ဖြစ်နေပါတယ်။ ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ တိကျတဲ့ မြို့နယ် (သို့မဟုတ်) ခရိုင် ဖွဲ့စည်းထားတဲ့ လယ်စစ်(သို့မဟုတ်) မြေစစ်အဖွဲ့ကနေပြီးတော့မှ ကွင်းဆင်းတိုင်းတာ စစ်ဆေးချက် များနှင့် တွေ့ရှိချက်၊ သဘောထားမှတ်ချက်များနှင့်အတူ ဆိုတဲ့ဟာလေးကို ဖြည့်ချင်ပါတယ်။ အဲဒီတော့ ခွင့်ပြုမိန့်ရရှိထားသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် ဧရိယာခွင့်ပြုမိန့် ထုတ်ပြန်သည့် ရက်စွဲနှင့် စာအမှတ်တို့ကို ပြည့်စုံစွာဖော်ပြပြီး အမှန်တကယ်ဖော်ထုတ်၊ လုပ်ကိုင်အသုံးပြုပြီးသော ဧရိယာနှင့် ကျန်ရှိသော ဧရိယာတို့ကို မြို့နယ်(သို့မဟုတ်) ခရိုင်လယ်စစ်၊ မြေစစ်ကော်မတီများ၏ ကွင်းဆင်း စစ်ဆေးချက်၊ သဘောတူညီချက်များနဲ့အတူဆိုပြီးတော့မှ ပြန်ဆက်ပါမယ်။ အထောက်အထားခိုင်လုံစွာဖြင့် ခာတ်ပုံမှတ်တမ်းများနှင့် ပူးတွဲတင်ပြပြီးတော့မှ ဗဟိုသို့တင်ပြရမယ် ဆိုတာလေး ဖြည့်စွက်ချင်ပါတယ်။ ဒါမှသာလျှင် သူ့ရဲ့နောက် ၂၂ (က) မှာပါတဲ့ (၂)၊ (၃)၊ (၄) နဲ့ အချိတ်အဆက်ရှိမှာ ဖြစ်ပါတယ်။

နောက် ပုဒ်မ ၂၂ (ခ) မှာဆိုလို့ရှိရင် ကျွန်တော်တို့ဒီ မိမိရယူ လုပ်ကိုင်အသုံးပြုပြီးသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများဧရိယာ ယင်းတို့နှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး ဤပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းသည့်နေ့မှစ၍ တစ်နှစ်အတွင်း သတ်မှတ်ချက်နှင့် အညီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်ကို ဗဟိုကော်မတီသို့လည်းကောင်း

ဆိုပြီးမှ တစ်ခါပြန်ပါ ပါတယ်။ သက်ဆိုင်ရာ မြေလွတ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီသို့ လည်းကောင်း ဆိုပြီးမှပါ ပါတယ်။ အဲဒီနေရာမှာ ဗဟိုကော်မတီနှင့် ဆိုတဲ့ဟာကိုထည့်ချင်ပါတယ်။ ပြီးတာနဲ့ စီမံခန့်ခွဲရေးကော်မတီများသို့ လျှောက်ထားရမည်လို့ ပြင်ချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁:၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် သတ္တမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁:၀၃။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၈)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်(သောကြာနေ့) နံနက် ၁၀:၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာ ပါတယ်။(ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁:၀၃ နာရီအချိန်တွင် ရပ်နားပါသည်။]